# ၁၉၆၂ ခုနှစ်၊ အနုပညာရှင်များအမတော်ကြေးဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၃။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ အနုပညာရှင်များ အမတော်ကြေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌက၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင် အာဏာ တည်ရမည်။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''အမတော်ကြေး''ဆိုသည်မှာ၊ ဤဥပဒေအရ၊ အနုပညာ ရှင်အား၊ ထုတ်ချေးသည့် အမတော်ကြေးကို ဆိုလိုသည်။

(ခ) ''ကောင်စီ'' ဆိုသည်မှာ၊ ၁၉၅၅ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှု ကောင်စီ အက်ဥပဒေ ပုဒ်မ ၃ အရ၊ ဖွဲ့စည်းထားသော ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှု ကောင်စီကို ဆိုလိုသည်။

(ဂ) ''အနုပညာရှင်''ဆိုသည်မှာ၊ ဇာတ်၊ ပြဇာတ်၊ ကဇာတ်၊ ရုပ်သေး၊ ဆပ်ကပ (Circus)၊ အငြိမ့်၊ ဆိုင်းဝိုင်း၊ တီးဝိုင်း၊ ပန်းချီ၊ သို့တည်းမဟုတ် ပန်းပုဖြင့် အသက်မွေးဝမ်းကျောင်း ရှာမှီးလျက်ရှိသော အနုပညာရှင်ကို ဆိုလိုသည်။ ထိုစကား ရပ်တွင် ကောင်စီက အနုပညာရှင်ဟု အမိန့်ကြော်ငြာစာ ဖြင့် ကျေညာသည့် သူများပါဝင်သည်။

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည် အနုပညာရှင်များ၏ လုပ်ငန်းများ ပိုမိုကောင်းမွန် စေရန်၎င်း၊ ထိုလုပ်ငန်းများကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ချမှတ်ထားသည့် ဝါဒလမ်းစဉ်များ နှင့်အညီ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၎င်း၊ ထိုလုပ်ငန်းများနှင့် စပ်ဆိုင်သော ပစ္စည်းများဝယ်ယူနိုင်ရန်၎င်း အနုပညာရှင်များအား၊ ထုတ်ချေးရမည့် အမတော်ကြေး များနှင့်စပ်လျဉ်း၍၊ စည်းမျဉ်းသတ်မှတ်သည့် နည်းဥပဒေများကို၊ အမိန့်ကြော်ငြာစာ ဖြင့် ပြုနိုင်သည်။

(၂) အနုပညာရှင်များအား၊ အမတော်ကြေးများကို၊ ကောင်စီရံပုံငွေထဲမှ ထုတ်ချေးနိုင်သည်။

(၃) ဤဥပဒေအရ၊ အနုပညာရှင်များအား၊ အမတော်ကြေးထုတ်ချေးနိုင်သည့် အာဏာပိုင်သည်၊ ကောင်စီဖြစ်ရမည်။

၄။ ။အဆိုပါ နည်းဥပဒေများနှင့်အညီ ထုတ်ချေးသည့် အမတော်ကြေး ဟူသရွေ့ကိုရင်း၊ ထိုအမတော်ကြေးအပေါ်တွင် တောင်းခံနိုင်သည့် အတိုးအားလုံးကိုရင်း၊ အမတော်ကြေး ထုတ်ချေးရာတွင်ဖြစ်စေ၊ အရတောင်းခံရာတွင်ဖြစ်စေ၊ ကုန်ကျသည့် စရိတ်များကိုရင်း၊ ထိုအမတော်ကြေး ထုတ်ချေး ထားသူထံမှဖြစ်စေ၊ ထိုအမတော်ကြေး ပေးဆပ်ရန် ခံဝန်သူတဦးဦးထံမှဖြစ်စေ မြေခွန်တော်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရ တောင်းခံနိုင်သည်။

၅။ ။အဆိုပါ အမတော်ကြေး ပေးဆပ်ခြင်းနှင့် စပ်လျဉ်း၍၊ ချုပ်ဆိုသောမည်သည့် စာချုပ်စာတမ်းကိုမဆို၊ မှတ်ပုံတင် အက်ဥပဒေအရ၊ မှတ်ပုံတင်ရခြင်းမှ ကင်းလွတ်စေရမည်။